## စာရေးသူ၏ အမှာစာ

**နမောတဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။**

''ဗုဒ္ဓဝင်နှင့် ဗုဒ္ဓ၏မြတ်သောအကျင့်တည်ရာသာသနာ''စာအုပ်သည် ဗုဒ္ဓဘာသာအယူကို လက်ခံထားကြသော 'ဗုဒ္ဓဝါဒီ'တို့သည် 'ဗုဒ္ဓ၏ဖြစ်တော်စဉ် ဗုဒ္ဓဝင်'ကို သိထားသင့်ပါသည်။ အကျယ်မလေ့လာနိုင်သည့်တိုင်အောင် အကျဉ်းအားဖြင့် သိထားသင့်သည်ဟု ယူဆမိပါသည်။ ဗုဒ္ဓဝင်ဆိုသည်မှာ မြတ်စွာဘုရား၏ အတ္ထုပ္ပတ္တိတော်ကို 'ဗုဒ္ဓဝင်'(ဗုဒ္ဓဝံသ)ဟု ခေါ်ပါသည်။ ဗုဒ္ဓဘုရားအကြောင်းကို သိရှိမှသာ လေးနက်စွာ ကြည်ညိုနိုင်မည်ဖြစ်ပါသည်။

သို့ဖြစ်၍ ဗုဒ္ဓဝင်အကျဉ်းကို ကျေးဇူးရှင် လယ်တီဆရာတော်ဘုရားကြီး၏ 'ဗုဒ္ဓဝင်ခုနစ်နေ့ဘုရား ရှိခိုးလင်္ကာ'နှင့် 'သတ္တဋ္ဌာနဘုရားရှိခိုးလင်္ကာ'တို့ဖြင့် သဒ္ဓါတရားတိုးပွားစိမ့်ငှာ ထည့်သွင်းဖော်ပြပေးထားပါသည်။

**ဗုဒ္ဓဝိဂြိုဟ်** – စတ္တာရိ အရိယသစ္စာနိ ဗုဇ္ဈတီတိ ဗုဒ္ဓေါ။

စတ္တာရိ– လေးပါးကုန်သော၊ အရိယသစ္စာနိ – အရိယသစ္စာတို့ကို၊ ဗုဇ္ဈတိ–သိတော်မူတတ်၏။ ဣတိတသ္မာ–ထို့ကြောင့်၊ ဗုဒ္ဓေါ–ဗုဒ္ဓမည်တော်မူ၏။

ဗုဒ္ဓဟူသော အမည်တော်၊ ဂုဏ်တော်သည် မြတ်စွာဘုရား၏ ''ဝိမောက္ခန္တိက ဉာဏ်တော်''၏ အစွမ်းအားဖြင့် အမည်တော်ဖြစ်ပါသည်။

အရဟတ္တမဂ်ကို 'ဝိမောက္ခ'ဆိုသည်၊ 'ဝိမောက္ခ'၏အဆုံး၌ ရအပ်သော ကြောင့် သဗ္ဗညုတဉာဏ်ကို 'ဝိမောက္ခန္တိကဉာဏ်'ဟုဆိုသည်။ ထို'ဗုဒ္ဓ'ဟူသော အမည်ဂုဏ်တော်သည် 'သဗ္ဗညုတဉာဏ်'ရသည်နှင့်တစ်ပြိုင်နက် ရရှိသော အမည်တော်၊ ဂုဏ်တော်ဖြစ်ပါသည်။

ဗုဒ္ဓသည် တစ်ဆယ့်လေးပါးသော ဗုဒ္ဓဉာဏ်တော်တို့နှင့်ပြည့်စုံတော်မူ သောကြောင့်လည်း 'ဗုဒ္ဓ'မည်တော်မူပါသည်။ ၎င်းတစ်ဆယ့်လေးဉာဏ်မှာ 'သစ္စာလေးပါးကိုသိသော ဉာဏ်တော်လေးပါး (အထူးထူးအပြားပြားအတွေ့တွေ့) ပဋိသမ္ဘိဒါဉာဏ်တော် လေးပါး၊ အသာဓာရဏ(သူတစ်ပါးတို့နှင့်မဆက်ဆံ သည့်)ဉာဏ်တော်ခြောက်ပါး၊ ပေါင်း တစ်ဆယ့်လေးပါးဖြစ်ပါသည်။

**မှန်မြတ်သောအကျင့်**– မြတ်သောအကျင့်၏တည်ရာဖြစ်သော သာသနာသည် အယူဝါဒနှင့်မှုကား စင်ကြယ်၍ ပြည့်စုံသောသိက္ခာသုံးပါးဟု ဆိုအပ်သော အကျင့်မြတ်ဖြစ်ပါသည်။ သာသနာသို့ သက်ဝင်ယုံကြည်၍ ကျင့်ကြံ အားထုတ်သည်မှစ၍ ဖြူစင်ရိုးဖြောင့်ဟု ဆိုအပ်သောအကျင့်မြတ်၏ အကျိုးဖြစ်သော အလွန်မှန်မြတ်သော သုစရိုက်တို့ထက် လွန်ကဲသော အလုံးစုံသောစျာန် အဘိညာဏ်တရားတို့သည်လည်းကောင်း၊ အရိယာပုဂ္ဂိုလ်တို့၏ ဉာဏ်ဖြင့်သာ သိခြင်းငှာ ထိုက်သော မဂ်၊ ဖိုလ်တရားတို့သည်လည်းကောင်း ရရှိနိုင်ကြမည် ဖြစ်ပါသည်။

၎င်းအကျင့်မြတ်မှာ ဓမ္မစက္ကပဝတ္တနသုတ္တန်တွင် ဟောကြားထားပါသည်။ ''နှစ်ပါးကုန်သော ထိုအယုတ်တရားတို့သို့ မကပ်ရောက်မူ၍ အလယ်အလတ် မြတ်သော အကျင့်ကို ထိုးထွင်း၍ သိတော်မူအပ်၏။ ထိုအကျင့်သည် လောကုတ္တရာမျက်စိကို ပြုတတ်၏။ လောကုတ္တရာအမြင်ကို ပြုတတ်၏။ ကိလေသာငြိမ်းခြင်းငှာ၊ အထူးသိအပ်ခြင်းငှာ၊ ကောင်းစွာသိခြင်းငှာဖြစ်၏။ သာသနာဆိုသည်မှာ မြတ်စွာဘုရား၏အဆုံးအမကိုခေါ်ပါသည်။ အဆုံးအမ ဩဝါဒသည်လည်း သံသရာမှထွက်မြောက်ကြောင်းတရားဖြစ်ပါသည်။ ၎င်းတို့မှာ–

ပရိယတ္တိသာသနာ။ (သင်အံကျက်မှတ်ခြင်း)

ပဋိပတ္တိသာသနာ။ (ကျင့်ကြံပွားများခြင်း)

ပဋိဝေဓသာသနာ။(အကျိုးဖြစ်ခြင်း)

သီလ၊ သမာဓိ ပညာ၊ သာသနာ။

ဝိနည်း၊ သုတ္တန်၊ အဘိဓမ္မာ၊ သာသနာ၊ များ ဖြစ်ပါသည်။ ကျမ်းဂန် ရုပ်၊ နာမ်၊ ခန္ဓာ၊ အာယတန၊ ပဋိစ္စသမုပ္ပါဒ် ဓာတ်၊ သစ္စာတရားတို့ကို ကျက်မှတ်ခြင်း ပရိယတ္တိသာသနာ၊ ရှု၍ ကျင့်ခြင်း ရှုဆင်ခြင်ခြင်းသည် ပဋိပတ္တိသာနာ၊ မဂ်လေးပါး ဖိုလ်လေးပါးရရှိခြင်း ပဋိဝေဓသာသနာ ဖြစ်ပါသည်။

ဤစာအုပ်တွင် ပရိပတ္တိသာသနာ အကျင့်မြတ်ကမ္မဋ္ဌာန်းကို အကျဉ်း ဖော်ပြထားပါသည်။ အကျယ်လေ့လာလိုပါက 'ဝိသုဒ္ဓိမဂ္ဂအဋ္ဌကထာ(မြန်မာပြန်) ပထမ၊ ဒုတိယ၊ တတိယတွဲ၊ ကျိုက်ထိုမြို့ ဘုရားသုံးဆူတောင် အရှင်နန္ဒမာလာပြန်ဆိုထားသော စာအုပ်မှာ လေ့လာနိုင်ပါသည်။

'ဝိသုဒ္ဓိမဂ္ဂအဋ္ဌကထာ'ကျမ်းကြီးတွင် သီလ၊ သမာဓိ၊ ပညာ သုံးဖြာသော သာသနာတော်ကြီးကို အပိုင်း (၂၃)ပိုင်း၊ ပိုင်းခြားသတ်မှတ်ရေးသားထားပါ သည်။ **'ဗုဒ္ဓ၏ မြတ်သောအကျင့်တည်ရာ သာသနာ'**သည် ဖော်ပြပါ အဋ္ဌကထာကြီးမှ ထုတ်နုတ်၍ ဤစာအုပ်တွင် ကမ္မဋ္ဌာန်းအပိုင်း(အကျဉ်း)ကို အဓိကထား၍ ဖော်ပြထားပါသည်။ နိကာယ်ငါးရပ်၊ ပိဋကတ်သုံးပုံအချုပ်အခြာ သီလ၊ သမာဓိ ပညာဟူသော သာသနာတော်ကြီးကို ဘုရားရှင်ဟောကြားထား သော ပါဠိတော်များနှင့်အညီ ပိုင်းခြားဝေဖန်၍ ဖွင့်ဆိုထားသော အဋ္ဌကထာကြီး ဖြစ်ပါသည်။

| | |
|---|---|
| အခန်း(၂) ကမ္မဋ္ဌာန်းပိုင်း | အခန်း(၇) သာသနာတော် တည်တံ့ |
| အခန်း(၃) သက္ကာယဒိဋ္ဌိ | ပြန့်ပွားရေး ဆောင်ရွက် |
| အခန်း(၄) အဘိဓမ္မာတရားတော် | ခြင်း၊ သံဂါယနာတင် |
| အခန်း(၅) သရဏဂုံနှင့်သီလ | သမိုင်းအကျဉ်း |
| တောင်းခံခြင်း | အခန်း(၈) ကုသိုလ်ရေးပလ္လင်ခံနိဒါန်း |
| အခန်း(၆) အလှူဒါနပြုလုပ်ခြင်း | အခန်း(၉) ပဋိစ္စသမုပ္ပါဒ်အမေးအဖြေ |
| | အခန်း(၁၀) ဗုဒ္ဓဂယာခေတ်ပုံများ |

ဖြင့် ထည့်သွင်းဖော်ပြထားပါသည်။

ဘာသာရေး၊ သာသနာရေးစိတ်ပါဝင်စားသူများသည် ဒါနနှင့် ပတ်သက် သော ရည်မှန်းချက်၊ သီလနှင့်ပတ်သက်သော ရည်မှန်းချက်၊ ဘာဝနာနှင့် ပတ်သက်သော ရည်မှန်းချက်များအသီးသီး ရှိကောင်းရှိကြပါလိမ့်မည်။ ရည်မှန်းချက်အမျိုးမျိုးရှိသည့်အနက် ဗုဒ္ဓဝါဒီတို့၏ အမြင့်ဆုံးရည်မှန်းချက်မှာ 'နိဗ္ဗာန်'ဖြစ်ပါသည်။

သာသနာတော်ဝယ် ပဋိပတ်အရသာ သာယာဖွယ်ကောင်းသော တရား များကား စျာန်တရား၊ မဂ်တရား၊ ဖိုလ်တရားများဖြစ်သည်။ ထိုစျာန်၊ မဂ်၊ ဖိုလ်တို့၏ အရသာခံစားလိုကြသော ဗုဒ္ဓဘာသာဝင် အမျိုးကောင်းသား၊ အမျိုးကောင်းသမီးများသည် ပြဆိုခဲ့ပြီးသော စာအုပ်မှ ကမ္မဋ္ဌာန်းနည်းအတိုင်း သမထဘာဝနာ၊ ဝိပဿနာ ဘာဝနာများ တတ်စွမ်းသမျှ ကြိုးစားပွားများ ကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။ ။

**စံငြိမ်း(အဘိဓမ္မာ)**